ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)
(Village Development Project)
ဆုံကွယ်ကျေးရွာအုပ်စု၊ဆုံကွယ်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆုံကွယ်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ဆုံကွယ်ကျေးရွာသယံဇာတပြမြေပုံ၊လာ:ရှိုးမြို့နယ်	၆
	ဆုံကွယ်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊လာ:ရှိုးမြို့နယ်	၇
	ဆုံကွယ်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊လာ:ရှိုးမြို့နယ်	၈
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ		
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇
၁၃။	ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ	၁၈
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	၁၉
	စီမံချက်အဆိုပြုလွှာ(၁)	၂၀

	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၂၀၂၃ခုနှစ်အထိ(၅)နှစ်ကြာအေ
ာင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်

ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးေ ောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအု ပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသေ ာ်လည်းလူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်း များကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချ င်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ် းပြကူညီပံ့ပိုးပေးသည့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ေ ဆာင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွ င်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေ းမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသ ည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အ ဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြော င်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အ တွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အဆင့်တွင်လည်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကေ ျးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ဆက်လ က်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ ြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူ ညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဆုံကွယ်ကျေးရွာ

လားရှိုးမြို့နယ်


ဆုံကွယ်ကျေးရွာသယံဇာတပြန်မြေပုံ၊လား:ရှိုးမြို့နယ်



ဆုံကွယ်ကျေးရွာရာသီခွင်ပြပြကွင်းဒိန်၊လားရှိုးမြို့နယ်



ဆုံကွယ်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊လား:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ဆုံကွယ်ကျေးရွာသည်ရုမ်းပြည်နယ်မြောက်ပိုင်းလားရှိုးမြို့နယ်တွင်တည်ရှိပြီးလားရှိုးမြို့နှင့်(၂၁)မိုင်ခန့်ကွာဝေးပါသည်။**ဆုံကွယ်**ရွာ၏အရှေ့အရပ်တွင်ဟိန်းလွမ့်ကျေးရွာ၊အနောက်အရပ်တွင်နာ းလိုင်ကျေးရွာ၊တောင်အရပ်နှင့်မြောက်အရပ်တွင်ပြောင်းဖူးစိုက်ခင်းများရှိပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာသည် လားရှိုးမြို့နှင့် (၁)မိုင်ခန့် ကွာဝေးပြီး ကျေးရွာ၏ အရှေ့ဘက်တွင် အစိုးရစိုက်ခင်း၊ အနောက်ဘက်တွင် လယ်ကွင်းရှိပြီး၊ တောင်ဘက်တွင်လည်း လယ်ကွင်းများနှင့် မြောက်ဘက်တွင် ဟိုပိတ်ကျေးရွာတို့ တည်ရှိပါသည်။

ကျွန်မတို့ ဆုံကွယ်ကျေးရွာတွင် လယ်များဖြင့် ဝိုင်းရံထားပါသည်။ ယခင်က သဘာဝဆေးဖက်ဝင် အပင်များရှိသော်လည်း ယခုအချိန်တွင် စိုက်ခင်းများတိုးချဲ့၍ ဆေးဖက်ဝင်အပင်များ မျိုးသုဉ်းသွားခဲ့သည်။ လယ်တောထဲတွင်ပေါက်သော ဟင်းနုနွယ်၊ မြင်းခွာရွက်များသာ ကျန်ရှိတော့သည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်မတို့ရွာတွင် နို့စို့ကလေးအရွယ်များ (၆)ယောက်ရှိပါသည်။ (၅)နှစ်အောက် ကလေးများက အခြေခံပညာ မသင်ကြားရသေးပဲ မူကြိုကျောင်းများ တက်ကြသည်။ မိဘများက ကလေးငယ်များကို ကျောင်းပို့၍ တောင်ယာလုပ်ကိုင်ကြပါသည်။ မူလတန်းအရွယ်တွင် ကျောင်းတက်ကြပြီး အလယ်တန်းအရွယ်တွင် မိဘများ စီးပွားရေးအဆင်မပြေ၍ ကျောင်းထွက်ပြီး မိဘကို ကူညီလုပ်ကိုင် ပေးကြရပါသည်။ သက်ကြီးရွယ်အိုများသည် အိမ်တွင်နေ၍ကလေးထိန်းအလုပ်နှင့် အိမ်မှုကိစ္စများ လုပ်ကိုင်ကြပါသည်။ ဝါတွင်းကာလ၌ ဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဥပုပ်သီလစောင့်သီကြ ပါသည်။

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်မတို့ရွာတွင်စပါး၊ပြောင်း၊ဟင်းသီးဟင်းရွက်များကိုအဓိကစိုက်ပျိုးကြပါသည်။စပါး၊ပြောင်းရိတ်သိမ်းပြီးချိန်တွင်ကြက်သွန်၊ခရမ်းသီး၊ခရမ်းချဉ်သီးနှင့်ပဲသီးတို့စိုက်ပျိုးကြပါသည်။ဟင်းသီးဟင်းရွက်များကိုစျေးသည်များလာရောက်ဝယ်ယူကြသည်။ပြောင်းနှင့်စပါးများကိုမြို့ပေါ်ရှိကုန်စည်ဒိုင်များတွင်ရောင်းချကြပါသည်။စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူများသည်ရွာတွင်ပွဲလမ်းသဘင်ရှိသည့်အချိန်၌သာပိုမိုအလုပ်ဖြစ်ကြပါသည်။ပန်းရံလုပ်ငန်းလုပ်ကိုင်ကြသူများသည်ရွာတွင်း၌သာစျေးနှုန်းသက်သာစွာဖြင့်အချင်းချင်းကူညီလုပ်ကိုင်ဆောက်လုပ်ပေးကြပါသည်။

ကျွန်မတို့ရွာတွင်အမျိုးသားများကပျိုးထမ်းခြင်း၊လယ်ထွန်ခြင်းများလုပ်ကိုင်ကြရပြီးအမျိုးသမီးများကလယ်စိုက်ခြင်းနှင့်ပြောင်းစိုက်ချိန်တွင်စက်ကိုင်၍မြေထွန်ပေးရပါသည်။အမျိုးသမီးများကစက်နောက်လိုက်၍ပြောင်းမျိုးစေ့နှင့်မြေဩဇာများတွင်းထဲသို့ချပေးရပါသည်။စပါးရိတ်သိမ်းချိန်တွင်အမျိုးသားများကကောက်လိုင်ပုံခြင်းနှင့်ထမ်းခြင်းများပြုလုပ်ပေးရပါသည်။အမျိုးသမီးများကစပါးရိတ်သိမ်းကြရပါသည်။ပြောင်းဖူးချိုးချိန်တွင်အမျိုးသားများကပြောင်းအိတ်ထမ်းရပါသည်။အမျိုးသမီးများကပြောင်းဖူးချိုးပေးရပါသည်။

ကျွန်မတို့ရွာတွင်လယ်မြေကေပေါင်း(၂၁၅)ရှိပါသည်။တောင်ယာမှာမြေကေပေါင်း(၅၀)ကေရှိသည်။မိုးကြီးသည့်အချိန်တွင်လယ်များရေမြုပ်၍စပါးများဆုံးရှုံးကြရပါသည်။ မြေယာများမှာယခင်ကဧရိယာပေါင်းများစွာရှိပါသည်။ယခုအခါတွင်စစ်တပ်မှ သိမ်းဆည်းသွားခြင်းများကြောင့် အနည်းငယ်သာကျန်ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့ရွာ၌လုပ်ကိုင်လျှက်ရှိသောလယ်များသည်ရေချောင်းနှင့်နီးသောကြောင့်မိုးများအဆက်မပြတ်ရွာသွန်းပါကရေကြီး၍လယ်များရေမြုပ်ပျက်စီးကြပါသည်။ထိုအခါလယ်လုပ်ငန်းကိုအဓိကအားထားလုပ်ကိုင်ကြရသောမိသားစုများသည် စားဝတ်နေရေးကိစ္စအဝဝမှာ အဆင်မပြေဖြစ်၍ဒုက္ခရောက်ကြရပါသည်။

အမျိုးသမီး၌ဆောင်သောဆင်းရဲသားမိသားစုတွင်ထိခိုက်လွယ်မှုမြင့်မားပါသည်။အမျိုးသမီးသည်ြ
ိုရာကျပန်းလုပ်ကိုင်၍စားဝတ်နေရေးအတွက်ရုန်းကန်လုပ်ရှားကြရပါသည်။အချို့အိမ်ထောင်စုများသည်ပြည်ပသို့သွားရောက်၍မိသားစုစားဝတ်နေရေးအတွက်လုပ်ကိုင်ကြရပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အုပ်ချုပ်ရေးမှူးအဖွဲ့သည်သက်ဆိုင်ရာအဖွဲ့အစည်းများ၊ဌာနများနှင့်ချိတ်ဆက်၍ကျေးရွာဖွံ့ြ
ိုးရေးအတွက်ကူညီဆောင်ရွက်ပေးပါသည်။ဂေါပကအဖွဲ့သည်ဘာသာရေးနှင့်ဘုန်းကြီးကျောင်းအ

တွက်လိုအပ်ချက်များအားကူညီဆောင်ရွက်ပေးပါသည်။မီးသတ်အဖွဲ့နှင့်ပြည်သူ့စစ်အဖွဲ့သည်ရပ်ရွာလုံခြုံရေးနှင့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပါသည်။ဝုန်းမေတ္တာအဖွဲ့သည်ေ ွချေးခြင်းနှင့်ဒုက္ခသည်များကိုကူညီဆောင်ရွက်ပေးခြင်းများပြုလုပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းမှာ(NCV)အဖွဲ့ဖြစ်ပါသည်။ (NCV)အဖွဲ့သည်ကိုယ်ဝန်ဆောင်မိခင်များ၊
(၅)နှစ်အောက်ကလေးငယ်များကိုအာဟာရမှုန့်များကူညီထောက်ပံ့ပေးပါသည်။ကျောင်းတက်နေေ ောကလေးများကိုမှုကြိုမှုစတုတ္ထတန်းအထိအာဟာရမုန့်များကိုပေးဝေလျှက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မြေယာမဲ့အိမ်ထောင်စု(၁၅) ရှိပါသည်။ မြေယာများမှာဘိုဘွားပိုင်မြေများဖြစ်ပြီး ယခုအခါတွင်စစ်တပ်များသိမ်းဆည်းသွား၍ အနည်းငယ်သာကျန်ရှိပါသည်။ (၂.၅၈က)အောက်မြေယာပိုင်ဆိုင်သူများသည် ပြောင်းဖူးနှင့်စပါးအနည်းငယ်သာစိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်လည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ (၂.၅၈ကနှင့်၂.၅၈က)ကြားမြေယာပိုင်ဆိုင်သူများသည် ပြောင်း၊ စပါး၊ ဖရဲများစိုက်ပျိုးကြပါသည်။တောင်သူကြီးများသည် ပြောင်း၊ စပါး၊ ဖရဲ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။

ကျွန်မတို့ကျေးရွာတွင်အိမ်ခြေ(၁၃၃)အိမ်ရှိပြီး ရေတွင်း(၂)တွင်းသာရှိသည်။ ရွာအပြင်တွင် အဝီစိတွင်း(၁)တွင်းရှိပါသည်။ စာသင်ကျောင်းဝင်းထဲတွင်လည်း ကျေးလက်ဦးစီးမှ ဆောင်ရွက်ပေးသည့် စက်ရေတွင်း (၁)တွင်းရှိပါသည်။စိုက်ပျိုးရေအတွက် လုံလောက်မှုမရှိပါ။

ကျွန်မတို့ကျေးရွာတွင်ပြောင်းကိုသာအဓိကစိုက်ပျိုးကြပါသည်။ပြောင်းကိုမေလမှဇူလိုင်လ အထိစိုက်ပျိုးကြပါသည်။စပါးကိုဇွန်လမှသြဂုတ်လအထိစိုက်ပျိုးကြပါသည်။စပါးမျိုးစေ့များကိုကုန် သည်များမှအကြွေးစနစ်ဖြင့်လာရောက်ရောင်းချပေးပါသည်။ပြောင်းမျိုးစေ့များကိုလားရှိုးဈေးဦးဌာ ဝယ်ယူကြရပါသည်။အချို့တောင်သူများသည်ရွာထဲရှိကိုယ်စားလှယ်များထံမှဝယ်ယူကြပါသည်။မိုး အဆက်မပြတ်ရွာသွန်းပါကစပါးများရေမြုပ်၍အထွက်နှုန်းလျော့နည်းပါသည်။ပြောင်းနှင့်စပါးများ ကိုလားရှိုးမြို့ပေါ်ရှိပွဲရုံများသို့သွားရောက်ရောင်းချကြရပါသည်။

ကျွန်မတို့ကျေးရွာတွင် ထွန်စက်(၃)စီးရှိပါသည်။ စပါးသိမ်းချိန်တွင် (၁)နာရီလျှင် (၂၅၀၀)နှုန်းဖြင့် ထွန်စက်ကြီးအား ငှားရမ်းထွန်ယက်ကြရပါသည်။မြေယာပိုင်ဆိုင်မှု အနည်းငယ်သာရှိသောအိမ်ထောင်စုများသည် လက်တွန်းထွန်စက်ကိုသာ အသုံးပြုကြပါသည်။ ချွေလှေ့စက်များကိုကိုယ်ပိုင်မဝယ်ကြတော့ဘဲအခါအားလျော်စွာ ရွာတွင်းရှိစက်ပိုင်ရှိသူများထံမှ(စပါးပေး၊ပြောင်းပေး)စနစ်ဖြင့် ငှားရမ်းသုံးစွဲကြရပါသည်။

ကျွန်မတို့ကျေးရွာသည်တောင်ကုန်းတောင်တန်းများနှင့်ကာရံထားပြီးရေမြေသဘာဝရာသီဥ တုအနေအထားမှာသင့်တင့်မျှတမှုရှိပါသည်။စိုက်ပျိုးမြေဧရိယာမှာတောင်ကုန်းတောင်တန်းပေါများ သောကြောင့်အသုံးချနိုင်မှုသင့်တင့်သာရှိပါသည်။စိုက်ပျိုးရေးအတွက်ချေးငွေများကိုဝုန်းမတ္တာအဖွဲ့နှင့်စိုက်ဘဏ်မှရရှိပါသည်။မျိုးစေ့များကိုအချို့ကုမ္ပဏီများမှအကြွေးစနစ်ဖြင့်ရောင်းချပေးပါသည်။

ကျွန်မတို့ကျေးရွာရှိလယ်ယာမြေများမှာပိုးသတ်ဆေးဖျန်းခြင်းနှင့်ပေါင်းသတ်ဆေးများအလွ န်အကျွံသုံးစွဲမှုများကြောင့်မြေဆီလွှာများပျက်စီးကြရပါသည်။စိုက်ပျိုးနည်းစနစ်မကျွမ်းကျင်ခြင်း၊ပြ ြေဆီလွှာမကောင်းခြင်းကြောင့်သီးနှံအထွက်နှုန်းလျော့နည်းရပါသည်။သို့ဖြစ်ပါ၍သီးနှံထုတ်လုပ် မှုတွင်နည်းပညာများလည်းလိုအပ်လျက်ရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း မရှိသလောက်ရှားပါးပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်တို့ဆုံကွယ်ကျေးရွာတွင် အဓိက စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြ၍ အခြားစိုက်မွေးမဟုတ်သောလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ကုန်ကြမ်းမရှိပါ။ မြို့နှင့် နီးသော်လည်း ဒေသထွက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်လောက်သည့် လိုက်လျောညီထွေသော ပညာရပ်များကို ကျွမ်းကျင်တက်မြောက်မှု မရှိပါ။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ကျွန်မတို့ကျေးရွာတွင်အိမ်ခြေ(၁၃၃)အိမ်ရှိပါသည်။အများစုမှာလယ်ယာလုပ်ငန်းလုပ်ကိုင်ြ
ြပီးအချို့မှာပြည်ပ(ထိုင်းနိုင်ငံ)သို့သွားရောက်အလုပ်လုပ်ကြပါသည်။အများစုမှာဝင်ငွေအတွက်သွ
ားကြရသည်။အမျိုးသားများသည်ဆေးသုတ်လုပ်ငန်းလုပ်ကိုင်ကြရပြီးအမျိုးသမီးများသည်အိမ်ဖေ
ာ်လုပ်ငန်းလုပ်ကိုင်ကြပါသည်။အချို့အိမ်ထောင်စုများသည်နှစ်ကြာရှည်စွာလုပ်ကိုင်ပြီးဝင်ငွေရှာြ
ြသည်။ထို့နောက်ကျေးရွာ၌သာလယ်ယာလုပ်ငန်းပြန်လည်လုပ်ကိုင်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ရွှေ့ပြောင်းသွားလာသူအများစုသည် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများကို ရှာဖွေရန် သွားရောက်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင်
ပြည်ပမှမိသားစုပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စုများပါသည်။ကျန်ခဲ့သောမိသားစုများသည်
လယ်ယာများကိုရောင်းချပြီးအိမ်စားဝတ်နေရေးအတွက်သုံးစွဲကြရပါသည်။မိုးရာသီကာလရောက်ချိ
န်တွင်နိုင်ငံခြားမှမိသားစုများပေးပို့သောငွေကိုသုံးစွဲကြရပါသည်။ပြန်ပို့ငွေကိုဘဏ်၊ဟွန်ဒီများဖြင့်လ
က်ခံရရှိပါသည်။

(c) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်

ကျွန်မတို့ကျေးရွာ၏အနီးဆုံးစျေးမှာ လားရှိုးစျေးဖြစ်ပါသည်။ ရွာမှ (၁မိုင်မှ၅မိုင်)အထိ ကွာ
ဝေးပြီး ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြရပါသည်။ ထိုစျေးတွင် ကုန်စိမ်း၊
ကုန်ခြောက်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေး
ပစ္စည်းများ ရရှိနိုင်ပါသည်။ စျေးအဆောက်အဦးမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ အကြီး
စားစျေးထိုစျေးတွင် ကုန်စိမ်း၊ ကုန်ခြောက်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ၊
အဝတ်အထည်များ၊ ဆောက်လုပ်ရေးပစ္စည်းလည်း ရရှိနိုင်ပါသည်။ စျေးအဆောက်အဦးမှာလည်း
အသင့် အတင့် ကောင်းမွန်ပါသည်။ အကြီးစားစျေးမှာ လားရှိုးမြို့မစျေးကြီးဖြစ်ပါသည်။ ရွာနှင့်
(၆)မိုင် ကွာဝေးပြီး ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားရောက်ကြရပါသည်။ ပစ္စည်းစုံ၊

ဝန်ဆောင်မှုစုံရရှိပြီး အချို့ဆိုင်မှာလည်း ဝန်ဆောင်မှုကောင်းမွန်သကဲ့သို့ အချို့ဆိုင်များမှာလည်း အသင့်အတင့်သာ ကောင်းမွန်ပါသည်။

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင် ချေးငွေများကို စိုက်ဘဏ်မှ ရရှိပြီး (၁)ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ချေးပေး ပါသည်။ (၅)လပိုင်းတွင် စတင်ချေးယူစေပြီး (၁)လပိုင်းတွင် ပြန်လည်ပေးဆပ်ရပါသည်။ အတိုး နှုန်းမှာ (၁ကျပ်မှ ၅ကျပ်ထိ) ရှိပါသည်။ အပေါင်ခံပစ္စည်းအနေဖြင့် ပုံစံ(၇)ကို ဘဏ်၌ အပေါင်ထားရ ပြီး ချေးငွေပြန်လည်ပေးဆပ်သည့်အချိန်မှသာ ပြန်လည်ရရှိပါသည်။ ချေးငွေများကို ပုံစံ(၇)မရှိလျှင် မရရှိပါ။

၆။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာတွင်းရှိလမ်းများသည် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါသည်။ (၁)မိုင်ခန့် ရှည်လျား ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။ ရွာချင်းဆက်လမ်းများမှာ ကျောက်ချောလမ်း ဖြစ်သော ကြောင့် တစ်ရွာနှင့်တစ်ရွာသွားလာရလွယ်ကူပါသည်။

ကျွန်မတို့ကျေးရွာတွင်မော်တော်ဆိုင်ကယ်ကိုအဓိကအားဖြင့်အသုံးပြုကြပါသည်။ကား၊များကိုပွဲလမ်းသဘင်ရှိသည့်အချိန်၌သာအသုံးပြုကြပါသည်။ထော်လာဂျီများကိုတောထဲသွားချိန်တွင်အသုံးပြုကြပါသည်။ကျေးရွာတွင်အိမ်တိုင်းဆိုင်ကယ်ရှိပါသည်။သက်ကြီးရွယ်အိုများနှင့်ကလေးများသွားလာရန်ကားကိုသာအသုံးပြုကြပါသည်။ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးယာဉ်သုံးစွဲမှုအနေဖြင့် အခက်အခဲမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ကျေးရွာတွင်မဟာဓါတ်အားလိုင်းရရှိ၍အများအားဖြင့်ဓါတ်အားလိုင်းကိုအသုံးပြုကြပါသည်။အိမ်ထောင်စုအနည်းငယ်သာဓါတ်အားခမတတ်နိုင်၍ဆိုလာမီးကိုအသုံးပြုကြပါသည်။ ကျေးရွာတွင်မီးသုံးစွဲမှုအဆင်ပြေပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်မတို့ကျေးရွာတွင် တာဝါတိုင်များရှိ၍ ဖုန်းလိုင်းဆက်သွယ်မှုအဆင်ပြေပါသည်။ လူငယ်များအနေဖြင့် အင်တာနက်သုံးစွဲ၍ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီသိရှိရပါသည်။ သက်ကြီးရွယ်အိုများသည်

ရေဒီယိုလိုင်းနားထောင်ကြပါသည်။ပြည်တွင်းပြည်ပသတင်းနှင့်ပတ်သက်၍
ဂြိုလ်တုစလောင်းများအသုံးပြုကြပြီး သတင်းများ ကြည့်ရှုနားထောင်ကြပါသည်။

၇။ ပညာရေး

ကျွန်တော်တို့ရွာတွင် စာမတတ်သူဦးရေ အသင့်အတင့်သာရှိပါသည်။ စာမတတ်သူများသည် ရှေးယခင် လူကြီးများနှင့် ပညာရေးအားမပေးသောမိသားစုများ ဖြစ်ကြပါသည်။ ယခုအခါတွင် ပညာရေးဗဟုသုတအမြင်များ ရှိလာသောကြောင့် ရွာအတွင်းရှိ ကလေးငယ်များ အားလုံးကို ကျောင်းထား လာကြပါသည်။ ကျောင်းတက်နှုန်းမြင့်တက်လာမှုကြောင့် မူလတန်းမှ ယခုအခါတွင် အထက်တန်း အဆင့်ထိ တိုးတက်လာခဲ့ပါသည်။ ရွာတွင် အလယ်တန်းအဆင့်ထိသာရှိပြီး အထက်တန်းနှင့် တက္ကသိုလ်အဆင့်ကို လားရှိုးမြို့ပေါ်၌ တက်ရောက်သင်ယူကြရပါသည်။ ယခင်ဘုန်းကြီးကျောင်း ပညာရေးမှ ယခုအခါတွင် တက္ကသိုလ်အဆင့်ထိ ပညာရေးကို အားပေးလာကြသည်ကို တွေ့ရှိရပါ သည်။

ကျွန်တော်တို့ဆုံကွယ်ကျေးရွာအတွင်းရှိ (၅)နှစ်အောက်ကလေးငယ်များအားလုံး မူကြိုကျောင်း တက်ရောက်ကြပါသည်။ မိဘများကမိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်ရသောကြောင့် (၅)နှစ်အောက်ကလေးများကို မူကြိုကျောင်းထားကြ၍ မူကြိုကျောင်းတက်နှုန်းမြင့်မားပါသည်။သို့သော် အလုပ်လုပ်ကိုင်ရန် အရွယ်ရောက်လာသောကလေးငယ်များကို မိဘများမှမိသားစုစားဝတ်နေရေးမပြေလည်၍ ကျောင်းထုတ်ပြီးလုပ်ငန်းတွင် ဝိုင်းဝန်းကူညီလုပ်ကိုင်စေပါသည်။ ထို့ကြောင့် အထက်တန်းနှင့် တက္ကသိုလ်အဆင့်ရှိသောကျောင်းနေသူဦးရေလျော့နည်းကြောင်းတွေ့ရှိရပါသည်။

ကျွန်မတို့ကျေးရွာရှိစာသင်ကျောင်းမှာ အလယ်တန်းကျောင်းဖြစ်ပါသည်။ စာသင်ခန်း (၁၀) ခန်းရှိပါသည်။ မူကြိုတန်းနှင့် အဋ္ဌမတန်းဖွင့်လှစ်ထား၍ စာသင်ဆောင်လုံလောက်မှု မရှိပါ။ စာသင်ခန်းများ၏ပြတင်းပေါက်များနှင့် တံခါးပေါက်များမှာလည်း ကျဉ်းပြီး ပျက်စီးနေပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကလေးငယ်များစာသင်ကြားရာတွင် လေဝင်လေထွက်မကောင်းခြင်း မိုးကြီးလျှင် ပြုတ်ကျ ပျက်စီး၍ အန္တရာယ်ရှိပါသည်။ ကျောင်းခြံစည်းရိုးကာရံထားခြင်းမရှိ၍ ကျောင်းလုံခြုံရေးမှာ အလွန်အားနည်းပါသည်။ ကျောင်း၏စတုရန်းပေမှာ (၇၇၀၄)ပေရှိပါသည်။ (၁၄၆× ၂၄)+(၁၂၀× ၃၀)+(၃၀ ×၂၀

ကျွန်မတို့ကျေးရွာတွင် အလကခွဲ ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ခြင်းကြောင့် ဆရာမဦးရေ လိုအပ် လျှက် ရှိပါသည်။ လက်ရှိတွင် ဆရာမ(၃)ဦးနှင့် သင်ကြားပို့ချလျှက်ရှိပါသည်။ ကျောင်းမြေမည်ညာ ၍ အားကစားကွင်းများ ဆောက်လုပ်ရန် အခက်အခဲရှိပါသည်။ ကျောင်းမြေကေ(၃.၆၉)ရှိပြီး (၆၄၆) ပေကို ကျောင်းသားမိဘဆရာအသင်းမှ ဦးဆောင်၍ အုတ်တိုင်၊ သံဧကာဖြင့် ယာယီကာရံရန် အတွက် ဆောင်ရွက်လျှက်ရှိပါသည်။ ထို့သို့ဆောက်လုပ်ရာတွင် လုပ်အားခသက်သာရန် မိဘများမှ လုပ်အားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်မတို့ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် သွေးတိုးရောဂါများ ဖြစ်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအားလုံး ကာကွယ်ဆေးများကို ပုံမှန်ထိုးနှံပေးလျက်ရှိပါသည်။

ကျွန်မတို့ရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ ဘက်စုံသားဖွားဆရာမနှင့် ကြီးကြပ်သူ များလည်းရှိပါသည်။ ဆေးပေးခန်းမှာ ရွာတွင်း၌သာတည်ရှိသောကြောင့် သွားလာရလွယ်ကူပါသည်။ ဆရာမများလည်း ရွာ၌သာနေထိုင်သောကြောင့် ပို၍အဆင်ပြေပါသည်။ ရွာတွင်း၌ ဆေးဆိုင် များလည်း ရှိပါသည်။ သို့သော် ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာအသိပညာဗဟုသုတများ ကြွယ်ဝမှုမရှိသောကြောင့် ဆေးများကို စနစ်တကျသိုလှောင်ထားခြင်း မရှိပါ။

ကျွန်မတို့ကျေးရွာတွင် သောက်သုံးရေအဖြစ်ရေတွင်းနှင့် အဝီစိတွင်းမှ ရေကိုသာ သောက်သုံး ကြပါသည်။ အချို့အိမ်များသည် သောက်ရေသန့်ကို သောက်သုံးကြပါသည်။ သောက်ရေသန့်များသည် စနစ်တကျ အရည်အသွေးစမ်းသပ်ထားမှု မရှိပါ။ အဝီစိရေကို ရာသီမရွေးသုံးစွဲနိုင်ပြီး ရေတွင်း ကိုမူ မိုးရာသီနှင့် ဆောင်းရာသီ၌သာ အသုံးပြုနိုင်သည်။ အဝီစိတွင်းမှ ရေကို သောက်သုံးရေအဖြစ် တစ်နှစ်ပတ်လုံးလုံလောက်စွာ ရရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် အိမ်တိုင်းနီးပါးယင်လုံအိမ်သာ သုံးစွဲကြပါသည်။ ယခင်က အသုံးမပြုကြသော်လည်း ကျန်းမာရေးဌာနမှ ကျန်းမာအသိပညာပေးဟောပြောပွဲများ လာရောက်ဆောင်ရွက်ပေးခြင်းကြောင့် ယခုအခါတွင် အိမ်တိုင်းသန့်ရှင်းသောယင်လုံအိမ်သာကို ဆောက်လုပ်သုံးစွဲကြပြီးဖြစ်ပါသည်။ အမျိုးသမီးများအနေဖြင့်လည်း မိသားစုကျန်းမာရေးအတွက် စနစ်တကျစီစဉ် လုပ်ဆောင်လာကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွာအနီး ပတ်ဝန်းကျင်တွင် ထိကရုန်း၊ ဆင်တုန်းမန္တယ်၊ သံမနိုင်ကျောက် မနိုင်၊ ဂျာမဏီ(ပီဇာ)စသည့် ဆေးဘက်ဝင် အပင်များကို တွေ့ရပါသည်။ သဘာဝတိရိစ္ဆာန် မျိုးစိတ် များအနေဖြင့် ဌက်၊ ရှဉ့်၊ မြွေ၊ တောကြက်၊ တောဝက်နှင့် တောကြောင်စသည့်အကောင်များကို အများဆုံးတွေ့ရပါသည်။

ကျွန်တော်တို့ဆုံကွယ်ကျေးရွာတွင် မှူးယစ်ဆေးဝါးသုံးစွဲခြင်းများကြောင့် လူငယ်များထိခိုက်မှုမြင့်မားပါသည်။ ကျွန်တော်တို့ကျေးရွာရှိမြေယာမဲ့ဆင်းရဲသား တောင်သူများသည် နေ့စား၊ ကျပန်းလုပ်ကိုင်ကြရသောကြောင့် စီးပွားရေးအဆင်မပြေကြပါ။

ထို့ကြောင့် လုပ်အား ခပိုမိုရရှိသောပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အလုပ် အာမခံချက်မရှိသောကြောင့် ထိခိုက်မှုမြင့်မားပါသည်။

ကျွန်တော်တို့ဆုံကွယ်ကျေးရွာတွင် သစ်ပင်ခုတ်၍ မီးသွေးဖုတ်ခြင်း၊ သစ်ခုတ်၍ တောင်ယာနှင့် ဥယျာဉ်ခြံများလုပ်ကိုင်သူများပြားလာသောကြောင့် သစ်တောပြုန်းတီးမှုများပြားနေပါသည်။

၁၀။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာတွင် အမျိုးသမီးခေါင်းဆောင်(၂)ဦးရှိပါသည်။ ကျေးရွာ၏သာရေး/နာရေး/ရပ်ရေး/ရွာရေးကိစ္စရပ်များတွင် ဦးဆောင်၍ လုပ်ကိုင်ကြပါသည်။ လိုအပ်သောအကြံဉာဏ်များလည်းပေးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်မတို့ကျေးရွာရှိလူငယ်များသည် လူမှုရေးကိစ္စရပ်များတွင် တတ်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ဝါတွင်းကာလတွင်လည်း ဘုန်းကြီးကျောင်းဝေယျာဝေစ္စကိစ္စများ သက်ကြီးရွယ်အိုများ၏ကိစ္စအဝဝကို သွားရောက်လုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။နွေရာသီကာလတွင် ကလေးငယ်များ ရှမ်းစာသင်ကြားပေးပါသည်။ သီးတင်းကျွတ်ကာလတွင်လည်း လူငယ်လူရွယ်များသည် ဘုန်းကြီးကျောင်းတွင် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာအကအလှများ ဆင်နွဲပြုလုပ်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး

ကျွန်မတို့ကျေးရွာတွင် ယခင်ကခိုးမှုများ ရှိပါသည်။ ယခုအခါတွင်ရပ်ရွာလူကြီးများ ထိထိရောက်ရောက် အရေးယူမှုများကြောင့် မရှိတော့ပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း	၁	✔	✔	✔		
၂	ရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၂	✔	✔	✔		
၃	စိုက်ပျိုးရေးပညာပေးဟောပြောပွဲ	၃	✔	✔	✔		
၄	မွေးမြူရေးပညာပေးသင်တန်း	၄	✔	✔	✔	✔	✔
၅	ကျန်းမာရေးအသိပညာပေးသင်တန်း	၅		✔			
၆	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၁	✔	✔	✔		

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ဆုံကွယ်ကျေးရွာ ကျေးရွာအုပ်စု - ဆုံကွယ်ကျေးရွာအုပ်စု မြို့နယ် - လားရှိုးမြို့ တိုင်းဒေသကြီး / ပြည်နယ် - ရှမ်း(မြောက်)
စီမံချက်အမည် - **ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကုန်းပေါင်းကျေးရွာ၏စာသင်ကျောင်းသည်ကျောင်းခြံစည်းရိုးကာရံထားခြင်းမရှိသဖြင့်ကလေးငယ်များ၊ဆရာမများစာသင်ကြားရာတွင်လုံခြုံမှုမရှိခြင်း • လက်ရှိကျောင်းခြံစည်းရိုးသည်ကွဲ၊နွားတိရစ္ဆာန်များဝင်ရောက်ခြင်းကြောင့်ယိုးယွင်းပျက်စီးနေခြင်း
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ကျောင်းသူကျောင်းသားများဘေးအန္တရာယ်ကင်းကင်းနှင့်စာသင်ယူနိုင်ရန် • ကျောင်းဝင်းအတွင်းဆရာ/ဆရာမလုံခြုံစိတ်ချစွာတာဝန်ထမ်းဆောင်နိုင်စေရန်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ) • ကျောင်းအုတ်တံတိုင်းကာရံခြင်းဖြင့်ကျောင်းသူ/သားများလုံခြုံစွာပညာသင်ကြားနိုင်ခြင်း • ကျောင်းဝင်ခွင့်ထွက်ခွင့်ကိုစနစ်တကျထိန်းသိမ်းနိုင်မည် • ကျောင်းပိုင်ပစ္စည်းများကိုသေချာမပျောက်ပျက်အောင်ထိန်းသိမ်းထားနိုင်ခြင်း
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) ကျောင်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း (၁၈၀ ’ × ၆ ’ –၆ ”)
ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**

• ၁၀၀၀၀၀၀ (ငွေသား) • ၅၄၇၀၀၀၀ (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၃၂	၂၃၄	၄၆၆	၈	၅၈	၄၂	၅	၁၁၃
အကျိုးခံစားမည့်ဦးရေ	၂၃၂	၂၃၄	၄၆၆	၈	၅၈	၄၂	၅	၁၁၃
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း (များ)

ဆုံကွယ်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့်အချိန် (ခန့်မှန်း)

၂၁.၂.၂၀၁၉

(၃) စီမံချက်ပြီးစီးမည့်အချိန်

၂၉.၄.၂၀၁၉

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်

ကျေးရွာသူ/ သားများမှအလှည့်ကျလုပ်ငန်းပြီးမြောက်သည်အထိလုပ်အားပေးကြပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှဦးဆောင်၍ရွာသူရွာသားများနှင့်တကွရေရှည်တည်တံ့ခိုင်မြဲအောင်ပြုပြင်ထိန်းသိမ်းသွားပါမည်။

ဆုံကွယ်ကျေးရွာ၊ ဆုံကွယ်ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

ည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
းလှကျော်	ဦးလျိုင်းဆိုင်စုံ	၁၃/လရန(နိုင်)၀၉၇၉၇၂		ဥက္ကဋ္ဌ	၀၉-၅၂၆၃
အေး	ဦးသိန်းမောင်	၁၃/လရန(နိုင်)၀၀၆၄၅၃		အတွင်းရေးမှူး	၀၉-၂၅၈၄၅
င်းနုနုအောင်	ဦးထွန်းလူ	၁၃/လရန(နိုင်)၁၄၅၉၈၈		စာရင်းကိုင်	၀၉-၇၉၂၃၂
ာ်ကျော်	ဦးဆန်လူ	၁၃/လရန(နိုင်)၀၄၀၁၆၃		ဘဏ္ဍာရေးမှူး	၀၉-၄၀၃၇၆
ျော်အေး	ဦးထွန်းလူ	၁၃/လရန(နိုင်)၀၉၈၉၆၈		အဖွဲ့ဝင်	၀၉-၂၅၆၅၀

းဟန်လှိုင်း	ဦးဖုန်စိန်	၁၃/လရန(နိုင်)၁၅၁၈၅		အဖွဲ့ဝင်	၀၉–၄၀၃၇၅
ခန်းမေ	ဦးစိုင်းလှကျော်	၁၃/လရန(နိုင်)၂၂၃၄၄၄		အဖွဲ့ဝင်	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂၀	၁၇	၃၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၁	၉	၃၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉	၁၄	၂၃
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၈	၁၇၄	၃၃၂
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၁	၁၇	၃၈
စုစုပေါင်း		၂၃၂	၂၃၄	၄၆၆

အသက်အုပ်စု	ကျား	မ	စုစုပေါင်း
စုစုပေါင်း အိမ်ထောင်စု	၁၁၃		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စုခန့်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀)နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ကျွန်မတို့ရွာတွင် နို့စို့ကလေးအရွယ်များ (၆)ယောက်ရှိပါသည်။ (၅)နှစ်အောက်ကလေးများ က အခြေခံပညာ မသင်ကြားရသေးပဲ မူကြိုကျောင်းများ တက်ကြသည်။ မိဘများက ကလေးငယ်များကို ကျောင်းပို့၍ တောင်ယာလုပ်ကိုင်ကြပါသည်။ မူလတန်းအရွယ်တွင် ကျောင်းတက်ကြပြီး အလယ်တန်းအရွယ်တွင် မိဘများ စီးပွားရေးအဆင်မပြေ၍ ကျောင်းထွက်ပြီး မိဘကို ကူညီလုပ်ကိုင် ပေးကြရပါသည်။ သက်ကြီးရွယ်အိုများသည် အိမ်တွင်နေ၍ကလေးထိန်းအလုပ်နှင့် အိမ်မှုကိစ္စများ လုပ်ကိုင်ကြပါသည်။ ဝါတွင်းကာလ၌ ဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဥပုပ်သီလစောင့်သီကြ ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

၈ယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေ	ရပ်တည်နိုင်မှု

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	ရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	(မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၁	၂၁၇	၀	မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃၀	၆၃	၀	မြင့်□လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် ☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	၁	မြင့် □လတ် ☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့် ☐လတ် ☐နိမ့် ☑
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐လတ် ☐နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	ဝ	ဝ	ဝ	မြင့် □လတ် □နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့် □လတ် ☑နိမ့် □
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၈	ကျန်းမာရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁	၃	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။

။ကျွန်မတို့ရွာတွင်စပါး၊ပြောင်း၊ဟင်းသီးဟင်းရွက်များကိုအဓိကစိုက်ပျိုးကြပါသည်။စပါး၊ပြောင်းရိတ်သိမ်းပြီးချိန်တွင်ကြက်သွန်၊ခရမ်းသီး၊ခရမ်းချဉ်သီးနှင့်ပဲသီးတို့စိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်များကိုဈေးသည်များလာရောက်ဝယ်ယူကြသည်။ပြောင်းနှင့်စပါးများကိုမြို့ပေါ်ရှိကုန်စည်ဒိုင်များတွင်ရောင်းချကြပါသည်။စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူများသည်ရွာတွင်ပွဲလမ်းသဘင်ရှိသည့်အချိန်၌သာပိုမိုအလုပ်ဖြစ်ကြပါသည်။ပန်းရံလုပ်ငန်းလုပ်ကိုင်ကြသူများသည်ရွာတွင်း၌သာဈေးနှုန်းသက်သာစွာဖြင့်အချင်းချင်းကူညီလုပ်ကိုင်ဆောက်လုပ်ပေးကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ရောင်းဝယ်ရေး					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။

။ကျွန်မတို့ရွာတွင်အမျိုးသားများကပျိုးထမ်းခြင်း၊လယ်ထွန်ခြင်းများလုပ်ကိုင်ကြရပြီးအမျိုးသမီးများကလယ်စိုက်ခြင်းနှင့်ပြောင်းစိုက်ချိန်တွင်စက်ကိုင်၍မြေထွန်ပေးရပါသည်။အမျိုးသမီးများကစက်နောက်လိုက်၍ပြောင်းမျိုးစေ့နှင့်မြေဩဇာများတွင်းထဲသို့ချပေးရပါသည်။စပါးရိတ်သိမ်းချိန်တွင်အမျိုးသားများကကောက်လိုင်ပုံခြင်းနှင့်ထမ်းခြင်းများပြုလုပ်ပေးရပါသည်။အမျိုးသမီးများကစပါးရိတ်သိမ်းကြရပါသည်။ပြောင်းဖူးချိုးချိန်တွင်အမျိုးသားများကပြောင်းအိတ်ထမ်းရပါသည်။အမျိုးသမီးများကပြောင်းဖူးချိုးပေးရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၂၁၅.၀၀	ကောင်း ☐သင့်☑ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၀.၀၀	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့်☐ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၂၆၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ကျွန်မတို့ရွာတွင်လယ်မြေကေပေါင်း(၂၁၅)ရှိပါသည်။တောင်ယာမှာမြေကေပေါင်း (၅၀)ကေရှိသည်။မိုးကြီးသည့်အချိန်တွင်လယ်များရေမြုပ်၍စပါးများဆုံးရှုံးကြရပါသည်။ မြေယာများမှာယခင်ကဧရိယာပေါင်းများစွာရှိပါသည်။ယခုအခါတွင် စစ်တပ်မှ သိမ်းဆည်းသွားခြင်းများကြောင့် အနည်းငယ်သာကျန်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များး ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များး ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။

။ကျွန်မတို့ရွာတွင်သဘာဝဆေးဖက်ဝင်အပင်များဖြစ်သောဟင်းနုနွယ်၊မြင်းခွာရွက်၊သရဲကြီးရွက်များခါးကိုက်ခြင်းနှင့်မီးနေသည်များဆေးဖော်၍သောက်သုံးကြပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေသာအိမ်ထောင်စု

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေ ောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကေ ာင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလု ပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၅၈	၄၂	၅

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။

။ကျွန်မတို့ရွာတွင်အဆင်ပြေသောမိသားစုများသည်မြေယာ(၁၄၈က)ပိုင်ဆိုင်ကြပြီးဆန်စက်လုပ်ငန်းလုပ်ကိုင်ကြပါသည်။သားသမီးများကိုမြို့ပေါ်ရှိအဆင့်မြင့်ကျောင်းများတွင်ထားြ ြပါသည်။ဆန်စက်၊ထွန်စက်ကြီး၊ကားပိုင်ဆိုင်ကြပါသည်။အလယ်အလတ်အဆင့်ရှိသောမိသားစုများသည်မြေယာ(၁၃၈က)ပိုင်ဆိုင်ပြီးတစ်ထပ်တိုက်အိမ်ဖြင့်နေထိုင်ကြပါသည်။လ က်တွန်းထွန်စက်၊စပါးခွေစက်များပိုင်ဆိုင်ကြပါသည်။မပြေလည်သောမိသားစုများသည်မြေယာ(၂.၅၈က)ပိုင်ဆိုင်ပြီးတစ်ထပ်တိုက်အိမ်ဖြင့်နေထိုင်ကြပါသည်။မပြေလည်သောမိသာ

ားစုများသည်မြေယာ(၂.၅၈က)ပိုင်ဆိုင်ပြီးတစ်ထပ်တိုက်အိမ်ဖြင့်နေထိုင်ကြပြီးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြပါသည်။အလွန်အဆင်မပြေသောမိသားစုများသည်သွပ်မိုးထရံက
ာအိမ်ဖြင့်နေထိုင်ကြပြီးကျပန်းလုပ်ငန်းလုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာ ဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
ဖြစ်မှသာလျှင်အထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဧယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။

။ကျွန်မတို့ရွာ၌လုပ်ကိုင်လျက်ရှိသောလယ်များသည်ရေချောင်းနှင့်နီးသောကြောင့်မိုးများအဆက်မပြတ်ရွာသွန်းပါကရေကြီး၍လယ်များရေမြုပ်ပျက်စီးကြပါသည်။ထိုအခါလယ်လုပ်ငန်းကိုအဓိကအားထားလုပ်ကိုင်ကြရသောမိသားစုများသည် စားဝတ်နေရေးကိစ္စအဝဝမှာ အဆင်မပြေဖြစ်၍ ဒုက္ခရောက်ကြရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။

။အမျိုးသမီးဦးဆောင်သောဆင်းရဲသားမိသားစုတွင်ထိခိုက်လွယ်မှုမြင့်မားပါသည်။အမျိုးသမီးသည်ကြံ့ရာကျပန်းလုပ်ကိုင်၍စားဝတ်နေရေးအတွက်ရုန်းကန်လုပ်ရှားကြရပါသည်။အချို့အိမ်ထောင်စုများသည်ပြည်ပသို့သွားရောက်၍မိသားစုစားဝတ်နေရေးအတွက်လုပ်ကိုင်ကြရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☑ ဌေးကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၂	ပြည်သူ့စစ်	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ရှမ်းလူငယ်အဖွဲ့(သာရေး/နာရေးဖျော်ဖြေရေး)	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၄	မီးသတ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☐ ညံ့ ☐
၅	ဂေါပကအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	မီးလင်းရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ဝုန်းမေတ္တာအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၀	၀	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။
အုပ်ချုပ်ရေးမှူးအဖွဲ့သည်သက်ဆိုင်ရာအဖွဲ့အစည်းများ၊ဌာနများနှင့်ချိတ်ဆက်၍ကျေးရွာဖွံ့ဖြိုးရေးအတွက်ကူညီဆောင်ရွက်ပေးပါသည်။ဂေါပကအဖွဲ့သည်ဘာသာရေးနှင့်ဘုန်းကြီးကျောင်းအတွက်လိုအပ်ချက်များအားကူညီဆောင်ရွက်ပေးပါသည်။မီးသတ်အဖွဲ့နှင့်ပြည်သူ့စစ်အဖွဲ့သည်ရပ်ရွာလုံခြုံရေးနှင့်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပါသည်။ဝုန်းမေတ္တာအဖွဲ့သည်ငွေချေးခြင်းနှင့်ဒုက္ခသည်များကိုကူညီဆောင်ရွက်ပေးခြင်းများပြုလုပ်ပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	NCV	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော

အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းမှာ(NCV)အဖွဲ့ဖြစ်ပါသည်။ (NCV)အဖွဲ့သည်ကိုယ်ဝန်ဆောင်မိခင်များ၊ (၅)နှစ်အောက်ကလေးငယ်များကိုအာဟာရမှုန့်များကူညီထောက်ပံ့ပေးပါသည်။ကျောင်းတက်နေသောကလေးများကိုမှုကြိုမှစတုတ္ထတန်းအထိအာဟာရမုန့်များကိုပေးဝေလျှက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၆၁	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၉	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၈	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၁၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့အိမ်ထောင်စု(၁၅) ရှိပါသည်။ မြေယာများမှာဘိုဘွားပိုင်မြေများဖြစ်ပြီး ယခုအခါတွင်စစ်တပ်များသိမ်းဆည်းသွား၍ အနည်းငယ်သာကျန်ရှိပါသည်။ (၂.၅ဧက)အောက်မြေယာပိုင်ဆိုင်သူများသည် ပြောင်းဖူးနှင့်စပါးအနည်းငယ်သာစိုက်ပျိုးကြပါသည်။ ဟင်းသီးဟင်းရွက်လည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ (၂.၅ဧကနှင့်၅.၅ဧက)ကြားမြေယာပိုင်ဆိုင်သူများသည် ပြောင်း၊ စပါး၊ ဖရဲများစိုက်ပျိုးကြပါသည်။တောင်သူကြီးများသည် ပြောင်း၊ စပါး၊ ဖရဲ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင် စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☑	မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၁၁၃.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၁၁၃.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☑	မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျွန်မတို့ကျေးရွာတွင်အိမ်ခြေ(၁၃၃)အိမ်ရှိပြီး ရေတွင်း(၂)တွင်းသာရှိသည်။ ရွာအပြင်တွင် အဝီစိတွင်း(၁)တွင်းရှိပါသည်။ စာသင်ကျောင်းဝင်းထဲတွင်လည်း ကျေးလက်ဦးစီးမှ ဆောင်ရွက်ပေးသည့် စက်ရေတွင်း (၁)တွင်းရှိပါသည်။စိုက်ပျိုးရေးအတွက် လုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုေပါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၄၅	တင်း	၇၀	၉၀	၈၀			မြေ□ လတ်□ နိမ့်□	မြေ□ လတ်□ နိမ့်□
ပြောင်း	၁၃၄	ပိဿာ	၂၀	၃၀	၂၅			မြေ□ လတ်□ နိမ့်□	မြေ□ လတ်□ နိမ့်□
								မြေ□ လတ်□ နိမ့်□	မြေ□ လတ်□ နိမ့်□
								မြေ□ လ	မြေ□ လတ်□

သီးနှံ	စုစုေ ငးစို က်ေက	တစ်ကေအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								တ်□ နိမ့်□	နိမ့်□
								မြို့□ လတ်□ နိမ့်□	မြို့□ လတ်□ နိမ့်□
